# နတ်မြစ်အတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုအပေါ် ရိုဟင်ဂျာ အဖွဲ့အစည်းများ ပူးတွဲထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဖြစ်ပွားခဲ့သော "နတ်မြစ်အတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု" ၏ ဖြစ်ရပ်မှန်များကို ဖော်ထုတ်နိုင်ရန် အောက်တွင် လက်မှတ်ရေးထိုးထားသော ရိုဟင်ဂျာ အဖွဲ့အစည်းများက လုပ်ဆောင်နေပါသည်။ အသက်ရှင် ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများအား တွေ့ဆုံမေးမြန်းခြင်းများနှင့် ကိုယ်တွေ့ဖြစ်စဉ် ပြောကြားချက်များအရ ယခုအချိန်အထိ ကျွန်ုပ်တို့သည် အောက်ပါအချက်များ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဒရုန်း၊ လက်နက်ကြီး များဖြင့် တိုက်ခိုက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ် နတ်မြစ်ကမ်းနားတွင် ဘေးကင်းရာ ခိုလှုံရန် ကြိုးစားနေသော ရိုဟင်ဂျာ အရပ်သား အနည်းဆုံး ၂၀၀ ခန့် သေဆုံးခဲ့သည်။ "နတ်မြစ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု"၏ ထိခိုက်နစ်နာသူ အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည်။ ရက္ခိုင့်တပ်တော် (AA) သည် မောင်တောမြို့သို့ တိုက်စစ်ဆင်နေစဉ် မြန်မာစစ်အုပ်စုမှ စစ်ကူစေလွှတ်ပြီး ပြင်းထန်သော တိုက်ပွဲများ ဖြစ်နေသောကြောင့် မောင်တောမြို့မှ နတ်မြစ်သို့ မဖြစ်မနေ ထွက်ပြေး တိမ်းရှောင်နေခဲ့ကြရသည်။ အခြားဘယ်ကိုမှ သွားစရာမရှိသဖြင့် အရပ်သားများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြစ်ကူးသွားရန်မှ လွဲ၍ ရွေးစရာ လုံးဝ မရှိတော့ပေ။

AA ၏ ထိန်းချုပ်နယ်မြေများမှ ဒရုန်းများနှင့် အမြောက်များကို ပစ်လွှတ်ခဲ့ကြောင်း မျက်မြင်သက်သေအများအပြားက ကျွန်ုပ်တို့အားပြောကြားခဲ့သည်။ မကြာသေးမီ ရက်သတ္တပတ်များအတွင်း မောင်တော မြို့ပေါ်နှင့် ပတ်ဝန်းကျင်ရှိ ရိုဟင်ဂျာကျေးရွာများတွင် နေ့စဉ် ရိုဟင်ဂျာ အရပ်သား ဒါဇင်နှင့်ချီ သေဆုံးစေ ခဲ့သော AA ၏ အလားတူ ဒရုန်းဖြင့် တိုက်ခိုက်သည့် ပုံစံအတိုင်း နတ်မြစ်အတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြေပြင်သတင်းများအရ AA နှင့် မြန်မာစစ်အုပ်စုတို့၏ လက်နက်ကိုင် ပဋိပက္ခအတွင်း ရိုဟင်ဂျာ အရပ်သားများသည် အရပ်ဘက် စစ်ဘက် မခွဲခြားဘဲ ညှပ်ပူးညှပ်ပိတ် ပစ်ခတ်ခံနေကြရပြီး နှစ်ဖက်လုံးမှ ရိုဟင်ဂျာအရပ်သားများအား ရက်စက်ကြမ်းကြုတ်မှု များဖြင့် ဗျူဟာ မြောက်စွာ ပစ်မှတ်ထားလျက် ရှိသည်။

အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် အရပ်သားထောင်ပေါင်းများစွာကို တိုက်ခိုက်ခြင်းသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်သည့် လုပ်ရပ်ဖြစ်ပြီး စစ်ရာဇဝတ်မှု နှင့် လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်နိုင်သည်။

တချိန်တည်းမှာပင်၊ နတ်မြစ်အတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် အသုံးပြုခဲ့သော လက်နက် အမျိုးအစား ရွေးချယ်အသုံးပြုမှုကို "စစ်ဘက်အရပ်ဘက် ခွဲခြားစွာ" အသုံးပြုခဲ့ခြင်း ရှိမရှိကို စိန်ခေါ်ထောက်ပြသင့်သည်။ ဒရုန်းများသည် ၎င်းတို့၏တိုက်ခိုက်မှုများကို ပိုမိုထိန်းချုပ်နိုင်စေရန်နှင့် တိကျ သေချာစေရန် တည်ဆောက်ထားသော မောင်းသူမဲ့ လေယာဉ်အမျိုးအစား တမျိုးဖြစ်သည်။ ဒရုန်းများ၏ နည်းပညာမြင့်မားဆန်းပြားမှု မည်သို့ပင်ရှိစေကာမူ ၎င်းတို့သည် မတိုက်ခိုက်မီ ဒရုန်းမောင်းနှင်သူများအား ပစ်မှတ်များ ဖော်ထုတ်သတ်မှတ်ရန်၊ မလိုလားအပ်သော တိုက်ခိုက်မှုများကို ကာကွယ်ရန် လိုအပ်သလို ၎င်းတို့နေရာ၊ အနေအထားကို ချိန်ညှိခွင့်ပေးသည်။ ထို့အပြင် လွန်ခဲ့သည့်လများအတွင်း ဒရုန်းများ အသုံးပြုမှုသည် ရခိုင်ပြည်နယ်အတွင်း AA စစ်ဆင်ရေးများ၏ အထူးဝိသေသ လက္ခဏာတခု ဖြစ်ကြောင်း၊ ရိုဟင်ဂျာအရပ်သားများ၏ အသက်များကို ကြိုတင်တားဆီးကာကွယ်နိုင်သော်လည်း အချိုးမညီမျှမှုကြောင့် အလွန်ဆိုးရွားသော အသက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း သတိပြုရန် အရေးကြီးသည်။

မောင်တောမြို့နယ်တွင် မြန်မာစစ်အုပ်စုမှ စစ်သားများနှင့် ပြည်သူ့စစ် အဖွဲ့ဝင်အချို့သည် နတ်မြစ်ကမ်းနှင့် ဝေးကွာသော မြို့ပေါ်ဒေသများ၊ အဓိကအားဖြင့် အနီးနားရှိ နယ်ခြားစောင့် ရဲတပ်ရင်း အခြေစိုက် စခန်းများအတွင်း ပုန်းအောင်းနေကြောင်း သတင်းများ ထွက်နေသည်။ AA နှင့် ခေါင်းဆောင်များ၏ ရိုဟင်ဂျာများအပေါ် အမုန်းစကားများ အသုံးပြုခြင်း အပါအဝင် ထိုသိုသော တိုက်ခိုက်မှုပုံစံများသည် ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာလူမျိုးစုနှင့် ဘာသာရေး လူနည်းစုတို့ကို ပစ်မှတ်ထားရန် ရည်ရွယ်ချက်တရပ် ရှိနေကြောင်း ထပ်လောင်းထောက်ပြသည်။ ဤတွေ့ရှိချက်များကို ပေါင်းစပ်လိုက်သောအခါ AA သည် ၎င်းတို၏ ပစ်မှတ်များ မည်သည်တို့ဖြစ်ကြောင်း၊ မည်သည့်နေရာတွင်ရှိကြောင်း သိရှိခဲ့သည်ဟူသော ကျွန်ုပ်တို့၏ ယုံကြည်ချက်ကို ခိုင်မာစေသည်။

## နတ်မြစ် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု၏ နောက်ခံအခြေအနေ

ယခုနောက်ဆုံး တိုက်ခိုက်မှုသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း မောင်တောမြို့ပေါ် ရပ်ကွက် များနှင့် ရိုဟင်ဂျာ ကျေးရွာများအပေါ် အလားတူ ဒရုန်းတိုက်ခိုက်မှု ပုံစံအတိုင်း ဖြစ်ပွားခဲ့ပြီး ရိုဟင်ဂျာ အရပ်သား အများအပြား သေဆုံးခဲ့ရသည်။ ရက္ခိုင့်တပ်တော်သည် မောင်တောမြို့သို့ ချီတက်လာစဉ် မြန်မာစစ်အုပ်စုမှ စစ်ကူများ မြို့ပေါ်သို့ စေလွှတ်ခဲ့သည်။ တိုက်ခိုက်မှုများ ပြင်းထန်လာမည်ကို ကြောက်ရွံ့ပြီး အခြားသွားစရာနေရာ မရှိသည့်အတွက် ရိုဟင်ဂျာ အရပ်သားများသည် နတ်မြစ်ကမ်းနားသို့ ထွက်ပြေးခဲ့ ကြသည်။ ဩဂုတ်လ (၅) ရက်

တိုက်ခိုက်မှုများကြောင့် ထိခိုက်နစ်နာသူများသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဘေးလွတ်ရာရရေး မြစ်ကူးနိုင်ရန် နည်းလမ်းရှာနေကြစဉ် ရက္ခိုင့်တပ်တော်၏ ရက်စက်စွာ သတ်ဖြတ်ခံ ခဲ့ကြရသည်။

ရက္ခိုင့်တပ်တော်နှင့် မြန်မာစစ်အုပ်စုတို့အကြား ပြင်းထန်သော တိုက်ပွဲများအတွင်း မောင်တောမြို့နယ်မှ ရိုဟင်ဂျာ အရပ်သားများ ပိတ်မိနေကြသည်။ ၎င်းတို့သည် နိုင်ငံတကာ အကာအကွယ်နှင့် လူသားချင်းစာနာမှု အကူအညီများ အရေးပေါ် လိုအပ်နေသည်။

ရက္ခိုင့်တပ်တော်သည် မြို့နီးချင်းဖြစ်သော ဘူးသီးတောင်မြို့အား ထိန်းချုပ်ရေး၊ ရက်စက်ကြမ်းကြုတ်သော စစ်ဆင်ရေးကို မေလ (၁၈) ရက်နေ့တွင် ပြီးဆုံးပြီးနောက် မောင်တောမြို့နယ်ကို သိမ်းယူရန် ရည်မှန်းထား သည်။ ဤစစ်ဆင်ရေးအတွင်း ရက္ခိုင့်တပ်တော်သည် ရိုဟင်ဂျာများ၏ အိမ်များ၊ ရွာများကို မီးရှို့ဖျက်ဆီးပြီး ရိုဟင်ဂျာ ၂၀၀၀ ကျော်ကို သတ်ဖြတ်ခဲ့သလို ရိုဟင်ဂျာ အရပ်သားများအပေါ် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ကျူးလွန်ခဲ့သည်။ ရက္ခိုင့်တပ်တော်သည် မီးရှို့မှုများအတွက် မြန်မာစစ်အုပ်စုမှ လုပ်ဆောင်ခဲ့သည့် လေကြောင်း တိုက်ခိုက်မှုများကို အပြစ်တင်ရန် ကြိုးပမ်းနေပြီး ထိုအဆိုကို အများက ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ငြင်းဆန် ထားသည်။ တဖန် ဩဂုတ်လ (၅) ရက်နေ့ တိုက်ခိုက်မှုအတွက် ရက္ခိုင့်တပ်တော်က တာဝန်မရှိကြောင်းငြင်းဆို ထားသည်။

ရိုဟင်ဂျာများသည် မြန်မာစစ်အုပ်စု၏ ဖိနှိပ်မှုပုံစံမျိုးစုံနှင့် အကြမ်းဖက်မှုမျိုးစုံကို ဆယ်စုနှစ်များစွာ ခံစားနေရပြီး ဖြစ်သည်။ မကြာသေးမီလများအတွင်း မြန်မာစစ်အုပ်စုသည် ၎င်းတို့၏ တဆင့်ခံ ရာဇဝတ် ဂိုဏ်းများဖြစ်သည့် အာရ်ကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (ARSA)၊ အာရ်ကန် ရိုဟင်ဂျာ တပ်မတော် (ARA) နှင့် ရိုဟင်ဂျာ သွေးစည်း ညီညွတ်ရေး အဖွဲ့ (RSO) တို့ကို အသုံးပြု၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည် စခန်းများမှ ရိုဟင်ဂျာ ဒုက္ခသည်များကို မြန်မာစစ်အုပ်စုနှင့်အတူ လက်တွဲ တိုက်ပွဲဝင်ရန် မောင်တောမြို့သို့ ပြန်ပေးဆွဲစေခဲ့သည်။ ဤအဖွဲ့များသည် ရာဇဝတ်ဂိုဏ်းများဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အဆိုပါအဖွဲ့များကို ထပ်လောင်း ရှုတ်ချ၍ ၎င်းတို့သည် ရိုဟင်ဂျာ လူမှုအသိုင်းအဝိုင်းကို ကိုယ်စားမပြုသလို ကိုယ်စား လုပ်ဆောင်ခြင်း မရှိကြောင်း ထုတ်ပြန်ကြေညာလိုက်ပါသည်။ ၎င်းတို့၏ လုပ်ရပ်များကို ကျွန်ုပ်တို့ အပြင်းထန်ဆုံး ရှုတ်ချလိုက်သည်။

**ရှေ့ဆက်၍ ရက္ခိုင့်တပ်တော်အား အောက်ပါတို့ကို ချက်ချင်းရပ်တန့်ပေးရန် ကျွန်ုပ်တို့ တောင်းဆို လိုက်သည်။**

- ရိုဟင်ဂျာများနှင့် အာရကန်၊ ရက္ခိုင်/ရခိုင်ဒေသရှိ အခြားသော လူမျိုးရေး၊ ဘာသာရေး အစုအဖွဲ့များအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရက်စက် ကြမ်းကြုတ်မှုများ အားလုံးကို ရပ်ဆိုင်းရန်။
- ရိုဟင်ဂျာအရပ်သားလူထုအပေါ် ခွဲခြားမဆက်ဆံဘဲ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှ ရှောင်ကြဉ်ရန်။ ရိုဟင်ဂျာများကို ရည်ညွှန်းသည့်အခါ "ဘင်္ဂါလီအကြမ်းဖက်၊ အစွန်းရောက်မွတ်စလင်မ်၊ မွတ်စလင်မ် အကြမ်းဖက်" ကဲ့သို့သော ဘာသာရေးနှင့် လူမျိုးကို အခြေခံသည့် အမုန်းစကားများကို အကြိမ်ကြိမ်

အသုံးပြုခြင်းနှင့် ရိုဟင်ဂျာအားလုံးကို စစ်အာဏာရှင်တို့နှင့် ပူးပေါင်းလုပ်ဆောင်နေသူများအဖြစ် ပုံဖော်ခြင်းတို့ကို အဆုံးသတ်ရန်။ ဤအမုန်းစကားသည် ဘာသာရေးပဋိပက္ခကို မီးထိုးပေးပြီး ပြည်သူလူထုများအကြား အမုန်းပွားစေသည်။

- တာဝန်ကို အပြည့်အဝယူ၍ ဤအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများနှင့်ပတ်သက်၍ ဖြစ်စဉ်များဖော်ထုတ်ရန်နှင့် ကျူးလွန်သူများကို အရေးယူရန် ကုလသမဂ္ဂမှ ဦးဆောင်သော လွတ်လပ်သော စုံစမ်းစစ်ဆေးမှုကို ရခိုင်ပြည်နယ်အတွင်းသို့ ဝင်ရောက် ခွင့်ပြုရန်။
- အာရကန်၊ ရက္ခိုင်/ရခိုင်ရှိ ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများအပေါ် ဆက်လက်၍ ချိုးဖောက်ကျူးလွန်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို တားဆီးရန် ထိရောက်သော အစီအမံများ ရေးဆွဲရန်။
- ပဋိပက္ခဖြစ်ပွားနေချိန် တပ်ဖွဲ့များသည် ဂျီနီဗာ သဘောတူညီချက်များ၊ နိုင်ငံတကာဥပဒေများနှင့် နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ အရပ်သားများ၏ လူမျိုးနှင့်ဘာသာ မခွဲခြားဘဲ အရပ်သားများအားကာကွယ်ရန် မူဝါဒနှင့် အရေးယူ ပြဋ္ဌာန်းချက်များကို ရေးဆွဲ ဖော်ဆောင်ရန်။
- နိုင်ငံတကာ အသိုက်အဝန်းနှင့် ထိတွေ့ဆက်ဆံပြီး မောင်တောနှင့် ဘူးသီးတောင်အပါအဝင် ပဋိပက္ခဒဏ်ထိခိုက် ခံစားနေရသော ဒေသအားလုံးသို့ ချက်ချင်း၊ အတားအဆီးမဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝင်ရောက် အကူအညီပေးခွင့် ပေးအပ်ရန်။
- အာရကန်၊ ရက္ခိုင်/ရခိုင်ပြည်နယ်ရှိ အားလုံးသော လူမျိုးနှင့် ဘာသာရေး လူနည်းစုများ၏ တန်းတူညီမျှသော၊ ပြည့်ဝသော၊ အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှုအပေါ် အခြေခံသည့်၊ အားလုံးပါဝင်နိုင်မှုရှိသော ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး အပါအဝင် အားလုံးပါဝင်နိုင်မှု၊ တန်းတူညီမျှမှုနှင့် အားလုံးအတွက် ရပိုင်ခွင့်များကို အာမခံသော ငြိမ်းချမ်းပြီး သာယာဝပြောသော အာရကန်၊ ရက္ခိုင်/ရခိုင်ပြည်နယ် တည်ထောင်ရန် ရည်မှန်းချက်ဖြင့် အာရကန်၊ ရက္ခိုင်/ရခိုင် ပြည်နယ်ရှိ ရိုဟင်ဂျာနှင့် အခြား လူမျိုး၊ တိုင်းရင်းသား၊ ဘာသာရေး အသိုက်အဝိုင်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်။

**ရိုဟင်ဂျာအသိုင်းအဝိုင်းအား အောက်ပါအတိုင်း ကျွန်ုပ်တို့တောင်းဆိုလိုက်သည်။**

- မြန်မာစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်နေသော ရာဇဝတ်ဂိုဏ်းများနှင့် လူပုဂ္ဂိုလ်များကို ဆက်လက်လက်မခံ၊ ငြင်းပယ်ရန်။
- ငြိမ်းချမ်းပြီး သာယာဝပြောသောရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ရန် ရခိုင်ပြည်နယ်ရှိ ဘာသာရေးနှင့် လူမျိုးရေး၊ တိုင်းရင်းသား လူမျိုးစု အားလုံးနှင့် လက်တွဲဆောင်ရွက်ရန်။

**အမျိုးသား ညီညွတ်ရေး အစိုးရ၊ အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ၊ နွေဦး တော်လှန်ရေး၏ တော်လှန်ရေး အင်အားစုများ၊ နိုင်ငံရေးပါတီများနှင့် မြန်မာနိုင်ငံ အရပ်ဘက် လူ့အဖွဲ့အစည်း တို့အား အောက်ပါအတိုင်း ကျွန်ုပ်တို့ တိုက်တွန်းလိုက်သည်။**

- လူသားအားလုံးအတွက် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် ၊ အာရကန်၊ ရက္ခိုင်/ရခိုင် ပြည်နယ်ရှိ ရိုဟင်ဂျာနှင့် အခြားသော လူမျိုးစု၊ ဘာသာရေး လူနည်းစုများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ရေးနှင့် နိုင်ငံတကာဥပဒေကို လေးစား လိုက်နာရေး ရက္ခိုင့် တပ်တော်အား တောင်းဆိုရန်။
- ခွဲခြားဆက်ဆံမှု၊ ရန်ငြိုးရန်စ သို့မဟုတ် အကြမ်းဖက်မှုတို့အား လှုံ့ဆော်မှုဖြစ်စေသော အမျိုးသား၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးမုန်းတီးမှုကို တားမြစ်သည့် Rabat Action Plan ကို အကောင် အထည်ဖော်ရန်။

**ဘင်္ဂလားဒေ့ရှ် အစိုးရအား အောက်ပါအတိုင်း ကျွန်ုပ်တို့ မေတ္တာရပ်ခံလိုက်သည်။**

- အသစ်ရောက်ရှိလာသော ဒုက္ခသည်များအတွက် ယာယီ အမိုးအကာ ရွက်ဖျင်တဲ၊ အစားအသောက်၊ ဆေးဝါးနှင့် အခြား မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ဆောလျင်စွာ အရေးတကြီး ပေးအပ်ရန်။ နတ်မြစ်ကို ဖြတ်ကူးရန် ကြိုးစားသော ထောင်နှင့်ချီသည့် ရိုဟင်ဂျာများကို ဒေသခံ ဘင်္ဂလားဒေ့ရှ်ဂိုဏ်းများက ပြန်ပေးဆွဲပြီး လာလ် ကျွန်းကို ခေါ်ဆောင်သွားကာ ငွေညှစ်၊ နှောင့်ယှက်မှုများ ပြုလုပ်နေကြောင်း သတင်းများအရ သိရသည်။ အဆိုပါ ထိခိုက်လွယ်သူများကို ကယ်ဆယ်ပြီး ချက်ချင်း အကာအကွယ် ပေးရမည်။ ထို့အပြင် ရာနှင့်ချီသော ရိုဟင်ဂျာများသည် ယခုအခါ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များ၏ ဖမ်းဆီး ထိန်းသိမ်းထားခြင်းကို ခံထားရသည်။
- ရက္ခိုင့်တပ်တော် ထိန်းချုပ်မှုအောက်ရှိ ရခိုင်ပြည်နယ်အတွင်း ဒေသများသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်း စာနာမှုအကူအညီများ ပေးပို့နိုင်ရေးအတွက် အရေးပေါ် လူသားချင်း စာနာ ထောက်ထားမှု စင်္ကြံတစ်ခု တည်ထောင်ရန်။

**ကျွန်ုပ်တို့သည် နိုင်ငံတကာ အသိုင်းအဝိုင်းကို အောက်ပါအတိုင်း တောင်းဆိုလိုက်သည်။**

- ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကို တားဆီးကာကွယ်ရေး အပြည်ပြည်ဆိုင်ရာ တရားရုံးက ချမှတ်ထားသော ယာယီအစီအမံများ ချိုးဖောက်နေသည့် မြန်မာစစ်အုပ်စု၊ ရက္ခိုင့်တပ်တော်နှင့် အခြားအဖွဲ့များအား အရေးယူနိုင်ရန် ဆောင်ရွက်ရမည့် အဆင့်များကို ဆွေးနွေးနိုင်ရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးကိုခေါ်ယူ ကျင်းပရန်။

- မူကိုအခြေခံသည့် ရပ်တည်မှုတခုပြုခြင်းနှင့် နတ်မြစ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကဲ့သိုသော ရက်စက် ကြမ်းကြုတ်မှုများကို ကျူးလွန်သည့် ရက္ခိုင့်တပ်တော်အား လူသိရှင်ကြား ရှုတ်ချခြင်း အပါအဝင် အရပ်သားများအပေါ် ရန်လို တိုက်ခိုက်မှုများအားလုံးကို ချက်ချင်းရပ်တန့်ရေးအတွက် ရက္ခိုင့်တပ်တော်နှင့် မြန်မာစစ်အုပ်စုအား အမြင့်ဆုံးဖိအားပေးရန်။ အရပ်သားများကို အကာအကွယ် ပေးခြင်းသည် အမြင့်ဆုံး ဦးစားပေး ဖြစ်ရမည်။
- ရိုဟင်ဂျာများအပေါ် ပြင်းထန်ပြီး စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ပါက ရက္ခိုင့်တပ်တော်နှင့် ၎င်း၏ခေါင်းဆောင်မှုအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ခြင်းကို ထည့်သွင်း စဉ်းစားရန်။
- ရခိုင်ပြည်နယ်အတွင်း မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အကြမ်းဖက်မှုများမှ ထွက်ပြေးလာသူများအား ကယ်ဆယ်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ပံ့ပိုးကူညီရန်နှင့် အဆိုပါ ဒုက္ခသည်များ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာ မြှင့်တင်စွဲကိုင်ထားနိုင်ရေး အစားအစာ၊ ဆေးဝါးနှင့် အမိုးအကာ၊ ရွက်ဖျင်တဲများ အပါအဝင် အကာအကွယ်နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်။
- ရခိုင်ပြည်နယ်အတွင်း လိင်နှင့် ကျားမအခြေပြု အကြမ်းဖက်မှု အပါအဝင် လတ်တလော တိုက်ခိုက်မှုများကြောင့် ထိခိုက်ခံစားရသော အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီး ရွယ်အိုများအား အရေးပေါ် အကာအကွယ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စိတ်ကျန်းမာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ပေးအပ်ရန်။
- ရက္ခိုင့်တပ်တော်ထိန်းချုပ်မှုအောက်ရှိ ရခိုင်ပြည်နယ် ဒေသများအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သွားနိုင်သော အရေးပေါ် လူသားချင်း စာနာထောက်ထားမှုစင်္ကြံတခု တည်ထောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် လက်တွဲဆောင်ရွက်ရန်။
- မြန်မာစစ်အုပ်စုကို ဖြိုခွင်းရန်၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို ထူထောင်ရန်နှင့် ခွဲခြား ဆက်ဆံခြင်း၊ ရန်ငြိုးဖွဲ့ခြင်း သို့မဟုတ် အကြမ်းဖက်မှုကို လှုံ့ဆော်မှုဖြစ်စေသော အမျိုးသား၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး မုန်းတီးမှုကို ဟန့်တားရန် တိုက်တွန်းစည်းရုံးလှုံ့ဆော်မှု Rabat Plan of Actionကို အကောင်အထည်ဖော်ရေး ကြိုးပမ်းရာတွင် အမျိုးသား ညီညွတ်ရေး အစိုးရ၊ တိုင်းရင်းသား လူမျိုးစု တော်လှန်ရေး အဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ပံ့ပိုးကူညီရန်။

***လက်မှတ်ရေးထိုးသော ရိုဟင်ဂျာအဖွဲ့အစည်းများ။***

- Arakan Rohingya Development Association - Australia
- Arakan Rohingya National Organisation (ARNO)
- Arakan Rohingya Union (ARU)
- Australian Burmese Rohingya Organization (ABRO)
- British Rohingya Community UK
- Burmese Rohingya Association in Japan (BRAJ)
- Burmese Rohingya Association of North America (BRANA)
- Burmese Rohingya Association in Queensland- Australia (BRAQA)
- Burmese Rohingya Community in Denmark (BRCD)
- Burmese Rohingya Community Netherlands (BRCNL)
- Burmese Rohingya Organisation UK (BROUK)
- Burmeses Rohingya Community of Georgia, Atlanta (BRCG)
- Burmese Rohingya Welfare Organization (BRWO) New Zealand
- Canadian Burmese Rohingya Organisation
- European Rohingya Council (ERC)
- Free Rohingya Coalition (FRC)
- Global Rohingya Students' Union (GRSU)
- Los Angeles Rohingya Association
- Rohingya Action Ireland
- Rohingya Association of Canada
- Rohingya Centre Canada
- Rohingya Community in Japan (RCJ)
- Rohingya Community in Norway (RCN)
- Rohingya Human Rights Initiative
- Rohingya National League (RNL)
- Rohingya Women Development Network-RWDN
- RW Welfare Society (RWWS)
- Swedish Rohingya Association (SRA)

***အောက်ဖော်ပြပါ အဖွဲ့အစည်း ၁၂၂ ဖွဲ့သည် ရိုဟင်ဂျာ လူမျိုးစုနှင့်အတူ အရပ်သားများ ကာကွယ်စောင့်ရှောက်မှုရရှိရေး တရားမျှတမှု တာဝန်ယူမှုတာဝန်ခံမှု ရရှိရေးအတွက် သွေးစည်းညီညွတ်စွာ ရပ်တည်သည်။ အဖွဲ့အစည်း (၆၅) ဖွဲ့သည် အမည်ဖော်ပြပြီး လုံခြုံရေး အခြေအနေများကြောင့် (၅၇) ဖွဲ့သည် အမည် နာမ မဖော်ပြခြင်းဖြင့် ပါဝင်သည်။***

1. Action Committee for Democracy Development (ACDD, Coalition of 12 Grassroots Network)
2. Ah Nah Podcast - conversations with Myanmar
3. ALTSEAN-Burma
4. Asia Democracy Network (ADN)

5. Asia-Pacific Solidarity Coalition (APSOC)
6. Association of Human rights watch and documentation (Bago)
7. Ayeyarwaddy West Development Organisation AWDO (Magway)
8. Ayeyarwaddy West Development Organisation AWDO (Nagphe)
9. Ayeyarwaddy Youth Network
10. Blood Money Campaign
11. Burma Action Ireland
12. Burma Campaign UK
13. Burma Civil War Museum (BCM)
14. Burma Human Rights Network
15. Burma Support
16. Chin Human Rights Organization
17. Civil Rights Defenders
18. CRPH & NUG Supporters Ireland
19. CRPH Funding Ireland
20. Defend Myanmar Democracy
21. Democracy Movement Strike Committee (Dawei)
22. Educational Initiatives Prague
23. ETOs Watch Coalition
24. Friends Against Dictatorship (FAD)
25. From Singapore to Myanmar (FS2M)
26. Future Thanlwin
27. Generation Wave (GW)
28. Human Rights Foundation of Monland
29. Info Birmanie
30. Initiatives for International Dialogue (IID)
31. Justice for Myanmar
32. Justice Movement for Community- Innlay
33. Karen Peace Support Network (KPSN)
34. Kyauktada Strike Committee (KSC)
35. Legal Aid for Human Rights
36. MATA စစ်ကိုင်းတိုင်း
37. Milk Tea Alliance Thailand

38. Min Hla Farmers Group
39. Minbu Farmers Group
40. Minority Affairs Institute (MAI Myanmar)
41. Myanmar Campaign Network
42. Myanmar Cultural Research Society (MCRS)
43. MyaYar Knowledge Tree (CBO)
44. New Power Generation
45. Olive Organization
46. Progressive Voice
47. Pwintphyu Development Organisation
48. Save and Care Organization for Ethnic Women at Border Areas (SCOEWBA)
49. Sisters2sisters
50. Sitt Nyein Pann Foundation
51. U.S. Campaign for Burma
52. Volunteers in Myanmar
53. Women's Peace Network
54. Yangon Deaf Group
55. Yangon Medical Network
56. ဒို့မြေကွန်ရက် (LIOH)
57. ပွင့်ဖြူလယ်ယာမြေကွန်ရက်
58. မုန်တိုင်းကြားကသက်တံများ
59. သင့်မြတ်လိုသူများ
60. အညာလွင်ပြင်ရပ်ဝန်း
61. ဉာဏ်လင်းသစ်သုတေသနအဖွဲ့
62. Swedish Burma Committee
63. Association Suisse-Birmanie
64. Myanmar Action Group Denmark
65. Myanmarisch- Islamisches Zentrum e.V (Deutschland)

***ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်။***

ဦးထွန်းခင်
မြန်မာရိုဟင်ဂျာအသင်း ယူကေ (BROUK)
+44 78 8871 4866

ဦးနေဆန်းလွင်
ရိုဟင်ဂျာလွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့ (FRC)
+49 176 6213 9138